# သမတအိမ်တော်၊ ရန်ကုန်မြို့။

# ၁၉၅၀ ခုနှစ်၊ နောက်ထပ်ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး အက်ဥပဒေ။

**[၁၉၅၀ ခုနှစ်၊ အက်ဥပဒေအမှတ် ၃။]**

**၁၃၁၁ ခု၊ တပေါင်းလဆန်း ၁၀ ရက်။**

**(၁၉၅၀ ခု၊ ဖေဖေါ်ဝါရီလ ၂၅ ရက်။)**

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ အောက်ဖေါ်ပြပါ အက်ဥပဒေကို ထုတ်ပြန်ကျေညာသည်။

အောက်ပါအတိုင်းအက်ဥပဒေ အဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁၉၅၀ ခုနှစ်၊စက်တဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့်နှစ်အတွက် နောက်ထပ်ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်း။

၁။ ။ ဘဏ္ဍာရေးဝန်ကြီးသည်၊ ပြည်ထောင်စုနိုင်ငံတော်၏ အခွန်တော်များမှ စုစုပေါင်းငွေ ၁,၁၉,၇၂,၃၅၀ (ဤအက်ဥပဒေ ဇယားတွင်ဖေါ်ပြထားသည်)ကို ထုတ်၍၊ ၁၉၅၀ ခုနှစ်၊ စက်တဘာလ ၃၀ရက်နေ့၌ ကုန်ဆုံးသည့် နှစ်ဆိုင်ရာ အသုံးစရိတ်များနှင့် ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

၂။ ။ ပုဒ်မခွဲ (၁)တွင် ခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၄၉ ခုနှစ်၊ ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲရေးအက်ဥပဒေအမှတ် ၅၃ အရ ခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေခွဲဝေ သုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ် သည် ဟူ၍ မှတ်ယူရမည်။

**ဇယား။**

| အစိုးရဌာန။ | | ခွဲဝေသုံးစွဲသည့်ငွေ။ ကျပ်။ |
|---|---|---|
| အကောက်တော်နှင့် နိုင်ငံတွင်းအကောက်တော် | ... ... | ၁၀ |
| အခြားအခွန်တော်များနှင့်အကောက်တော်များ | ... ... | ၂,၀၀,၀၀၀ |
| အရပ်ရပ်စီရင်အုပ်ချုပ်မှု | ... ... ... | ၁၀,၀၀,၀၀၀ |
| ရေကြောင်းဆိုင်ရာနှင့် မီးပြတိုက်များ | ... ... | ၁,၀၅,၃၉၀ |
| ပညာရေး | ... ... ... | ၂၀ |
| ဆေးဘက်ဆိုင်ရာနှင့် ပြည်သူ့ကျန်းမာရေး | ... ... | ၅၀ |

| | | |
|---|---|---|
| လယ်ယာစိုက်ပျိုးရေး၊ တိရစ္ဆာန်ဆေးကုသရေး၊ သမဝါယမငွေ စု ငွေချေးလုပ်ငန်းနှင့် ငတ်မွတ်ခေါင်းပါး ခြင်းကယ်ဆယ်ရေး | ... | ၁,၈၅,၇၈၀ |
| လေကြောင်းပျံသန်းသွားလာမှု | ... ... | ၃၁,၇၈,၆၃၀ |
| အထွေထွေဌာနများ | ... ... ... | ၄၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများ | ... ... ... | ၁၀ |
| အထွေထွေ | ... ... ... | ၅,၀၀,၀၃၀ |
| ကာကွယ်ရေး | ... ... ... | ၅၁,၀၅,၃၉၀ |
| လျှပ်စစ်ဓါတ်အားလုပ်ငန်း | ... ... ... | ၁၆,၉၇,၀၀၀ |
| ပေါင်း | ... ... ... | ၁,၁၉,၇၂,၃၅၀ |

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

စဝ်ရွှေသိုက်၊

နိုင်ငံတော်ယာယီသမတ၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့ ၁၃၁၁ ခု၊ တပေါင်းလဆန်း ၁၀ ရက်။

(၁၉၅၀ ခု၊ ဖေဖေါ်ဝါရီလ ၂၅ ရက်။)

အမိန့်အရ၊

ရွှေဘော်၊

နိုင်ငံတော်သမတအတွင်းဝန်။

[အမှတ် ၁၇]